ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (21-3-2004) (၄၁၈၂)

သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ။

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

## နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး အညွှန်းကိန်းများ များစွာတိုးတက်လျက်ရှိ



တပ်မတော်နဲ့ပြည်သူ လက်တွဲပြီး နိုင်ငံတော်အတွက် စီးပွားရေးအခြေခံ အဆောက်အအုံတွေ၊ လူမှုရေး အခြေခံအဆောက်အအုံတွေကို နိုင်ငံတော်တစ်ဝန်းလုံးမှာ လက်ညီးထိုးမလွဲအောင် တည်ဆောက်လျက်ရှိတယ်။ တစ်နိုင်ငံလုံးမှာ ဖွံ့ဖြိုးတိုးတက်မှုကွန်ရက်တည်ဆောက်တဲ့အနေနဲ့ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပေးကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ပြီး အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ် ထွန်းကားလာအောင် တည်ဆောက်လျက်ရှိတယ်။ ဒါ့အပြင် ဖွံ့ဖြိုးတိုးတက်မှု ကွန်ရက်မှာ အကြားအလပ်မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ ဒါကြောင့် ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး အညွှန်းကိန်းတွေဟာ လျာထားမျှော်မှန်းတာထက် များစွာတိုးတက်လျက်ရှိကြောင်း ပြောကြားလိုတယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

## (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကိုဆို

**"နယ်ချဲ့သမိုင်းဆရာတို့၏ မြန်မာ့သမိုင်းကို လုပ်ကြံဖျက်ဆီးမှုများသည် မြန်မာနိုင်ငံအပေါ် ကျူးကျော်နယ်ချဲ့သိမ်းပိုက်ရန်နှင့် ယင်းကျူးကျော်နယ်ချဲ့ သိမ်းပိုက်မှုကို ကာကွယ်ဖုံးဖိရန်ဖြစ်"**

ကေတုနီလာ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး **"မြန်မာ့သမိုင်းကို နယ်ချဲ့တို့ လုပ်ကြံဖျက်ဆီးမှုများ"**ကို စာမျက်နှာ(၈)နှင့် (၉)တွင် ဖော်ပြထားပြီး **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဆောင်ရွက်နေသည့် တပ်မတော်"** ခေတ်ပုံမှတ်တမ်းကို စာမျက်နှာ(၇)၊ မြင်းမူမောင်နိုင်မိုး၏ **"စွန့်လွှတ်စွန့်စား မြန်ပြည်သား"**ကဗျာကို စာမျက်နှာ(၂)နှင့် လုထွင့်ဦး၏ကာတွန်းကို စာမျက်နှာ(၂)တွင် ဖော်ပြထားပါသည်။

**(ကြေးမုံ)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၉ ရက်က ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင် လမ်းပေါ်မှ သံလွင်တံတား (တာပါး) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)





## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

## မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ဖွင့်ပွဲ တက်ရောက် ကွတ်ခိုင်မြို့နယ် သံလွင်တံတား(တာပါး) တည်ဆောက်ရေးစီမံကိန်းနှင့် နမ့်ဟူးမွန်(ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၀

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✪**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၁-၃-၂၀၀၄
(တနင်္ဂနွေနေ့)

# ဒေသတွင်း ဆက်သွယ်သွားလာမှုကောင်းမွန်ရေး လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်ဖောက်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်းမဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသအလိုက် လိုအပ်ချက်နှင့်အညီ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းများနှင့်အတူ တံတားသစ်များစွာတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် နမ့်မောင်းချောင်းတံတားဖွင့်ပွဲကို မတ်လ ၁၆ ရက်နေ့က အဆိုပါတံတားထိပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

နမ့်မောင်းချောင်းတံတားဟောင်းမှာ ၂၀၀၁ ခုနှစ် ဇွန်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ တစ်ဟုန်ထိုး စီးဆင်းတိုက်စားမှုကြောင့် တံတားတစ်စင်းလုံး ရေထဲမျောပါသွားခဲ့သည်။ ထို့ကြောင့် နမ့်မောင်းချောင်း တံတားအသစ်ကို ထပ်မံတည်ဆောက်ပြီး ယခုကဲ့သို့ ဖွင့်လှစ်ခြင်းဖြစ်သည်။

နမ့်မောင်းချောင်းတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်-ကုန်းဝက်လမ်းပေါ်တွင်တည်ရှိပြီး တံတားကို ဘေလီနှင့် သစ်သားတွဲဆက် တည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားအကျယ်မှာ ၁၂ ပေခွဲရှိပြီး အရှည်မှာ ပေ ၃၀၀ ရှိသည်။

ယခုအခါ နမ့်မောင်းချောင်းတံတားကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူများ မိုးမိတ်နှင့်မိုးကုတ်မြို့များမှ တစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့များသို့သာမက ကျန်ပြည်နယ်နှင့်တိုင်းများသို့ပါ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ မြန်ဆန်လာသည်နှင့်အမျှ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က လမ်းမိုင် ၁၃၆၃၅သာရှိခဲ့ရာမှ ယခုအခါ လမ်းမိုင်ပေါင်း ၁၈၁၁၂ ရှိလာပြီဖြစ်သည်။ လမ်းသစ်များနှင့်အတူ တံတားသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၁၆၈ စင်း တည်ဆောက်ပေးခဲ့ပြီး တိုင်းရင်းသားပြည်သူများ ကူးသန်းဆက်သွယ်သွားလာ အသုံးပြုလျက်ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးတို့အတွက် လမ်းနှင့်တံတားများစွာကို အရှိန်အဟုန်ဖြင့် တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်ခံ့စေရေးဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

**ရန်ကုန် မတ် ၂၀**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သင်္ကန်းတောရကျေးရွာရှိ လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ သာသနာ့ပါလကအဖွဲ့ ရန်ကုန်နှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်ကျေးရွာရှိ ဂေါပကအဖွဲ့တို့က ဧပြီ၁ရက်မှ ၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာအပါး ၃၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

## စာအုပ်ဈေးပွဲတော် ဝယ်ယူသူများဖြင့် စည်ကား

**ရန်ကုန် မတ် ၂၀**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ်ရောင်းချသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပါ မြို့နယ်အသီးသီးမှ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ ၄၀၀၀ခန့် လာရောက် လေ့လာဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ၆၅၀၀၀ ကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ်၂၈ရက် အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ၅နာရီ အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## (၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုကဗျာ



### စွန့်လွှတ်စွန့်စား မြန်ပြည်သား

မြန်မာမှန်လျှင်
သူ့ဆန် သူ့ဟင်း၊ သူ့ထမင်း၌
ခံတွင်း မမြိန်၊ မတင်းတိမ်ဘဲ
စည်းစိမ်လောဘ၊ မတက်ကြလည်း
နှိမ့်ချ ပြစ်မှား၊ သူတစ်ပါးက
တရားမဲ့ကင်း၊ တို့ပြည်တွင်းသို့
ချင်းနင်းကျူးကျော်၊ ရန်စသော်မူ
မြေပေါ် တစ်လက်မ၊ ခြေမချအောင်
တက်ကြွမှုန်းချေ၊ တိုက်ထုတ်ပေအံ့။

မြန်မာမှန်လျှင်
သူ့ကန် သူ့ကျောင်း၊ သူ့ချောင်း သူ့ရေ
သူ့ဌာနေနှင့်၊ သူ့ဆွေမျိုးအကြောင်း
မကောင်းမဆို၊ ဝန်တိုကင်းမဲ့
မကဲ့ရဲ့လည်း
ချိုးဖဲ့ပြစ်တင်၊ အဆိုးမြင်ဖြင့်
ဥာဏ်ဆင် နှုတ်ခွန်း၊ တို့ကိုညွှန်းသော်
တစ်ခွန်းမခံ၊ တို့တွန်းလှန်၍
တော်မှန်ရေးအတွက်၊ တို့ချေဖျက်အံ့။

ဤရေ ဤမြေ၊ တို့ဌာနေတည့်
ဤမြေမှာဖွား၊ တို့သွေးသားတည့်
ဝင့်ကြွားစွမ်းဆောင်၊ သတ္တိပြောင်သော်
အောင်တိတ် အောင်ဟိတ်၊ အောင်နိမိတ်ဖြင့်
အောင်ရိပ်ဝေစည် ငါတို့ပြည်။
တစ်မျိုးသားလုံး တွဲလက်ညီ။
သူ့ကျွန် ဘယ်တော့မဖြစ်ပြီ။
မျိုးချစ်မြန်မာ ပီရမည်။ ။

မြင်းမှူမောင်နိုင်မိုး

**ရွှေပြည်သာမြို့နယ် အမက(၁၁)၏ ၂၀၀၃ -၂၀၀၄ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၁၄ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မပွင့်မြတ်မာအား ကျောင်းအုပ် ဆရာကြီး ဦးစိုးမြင့်က လက်မှတ်ချီးမြှင့်စဉ်။** (က-ပ)









**ရေစက်ချအမျှပေးဝေ**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အလှူရှင်များ၊ ပရိသတ်များ ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင် ကျောင်းတော်ကြီး အတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြစဉ်။** (သတင်းစဉ်)

# လယ်တီစံသာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူတော်ငွေများလက်ခံ

ရန်ကုန် မတ် ၂၀

**ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ လယ်တီစံသာသနာ့ရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည့်ရှု၍ အလှူငွေများ လက်ခံကာ ရတနာ ရွှေကြုတ်တော်ကို မြှုပ်နှံပေးသည်။**

## တက်ရောက်ကြည့်ရှု

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိတနှင့် နာယကဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ် မဂ္ဂင် ကျောင်းတော်ကြီးအတွက် ပထမ အကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အုတ်မြစ်တော် စီပေးစဉ်။** (သတင်းစဉ်)

မော်သိန်း၊ ရန်ကုန်တပ်နယ်မှူးနှင့် တပ်မတော် မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော် အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ လယ်တီစံသာသနာ့ရိပ်သာ မြစိမ်းရောင်ဘောဇနဆောင်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော်



**ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ် မဂ္ဂင်ကျောင်းတော်ကြီး၏ ပုံစံကားချပ်ကိုတွေ့ရစဉ်။** (သတင်းစဉ်)



ဘဒ္ဒန္တ ကေသရက ငါးပါးသီလ ချီးမြှင့်တော်မူသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး အုတ်မြစ်တော်စီမည့် ရတနာရွှေကြုတ်ကိုလည်းကောင်း၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်တို့ အမှူးပြုသော တပ်မတော် အရာရှိကြီးများက နဝရတ်ကိုးပါး အုတ်မြစ်တော်တို့ကို လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မတည်အလှူရှင် ဗိုလ်မှူးကြီးသိန်းထွန်း (ရေ) (အငြိမ်းစား) ဗိုလ်မှူး ဒေါ်မြအေး (ရေ) (အငြိမ်းစား)မိသားစု ခြံအမှတ် (၁၃၇) သံလွင်လမ်း၏ အလှူတော်ငွေ ကျပ် သိန်း ၁၅၀၊ မတည်အလှူရှင် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် (၁၀၄/၁၀၆)နေ ကွယ်လွန်သူ ဦးဆူးဘားနှင့် ဘီဒူဆူးဘားတို့အား ရည်စူး၍ ဒေါ်မာယာဆူးဘားမိသားစု၊ ဒေါ်အင်ဒရာဆူးဘားမိသားစု၊ ဦးဂျင်မီ ဆူးဘားမိသားစု၊ ဦးရစ်ကစ်ဆူးဘား မိသားစု၊ ဒေါ်ဒူရာဆူးဘားမိသားစု၊ ဒေါ်ရိုးမားဆူးဘားမိသားစုနှင့် ဒေါ်ရုဒူ ဆူးဘား မိသားစုတို့၏ အလှူတော်ငွေ ကျပ် သိန်း ၁၀၀၊ ဧရာဝတီရေတပ်စခန်း ဌာနချုပ် မိသားစု၏ အလှူတော်ငွေ ကျပ် ၁၀၀၀၀၀၊ မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် ၃၈လမ်း အမှတ် (၁၅၉)နေ ဒေါ်မိမိခင်မိသားစု၊ တာမွေမြို့နယ် မအူကုန်း လမ်း ၁၄၀ အမှတ် (၄၃) နေ [ဒေါက်တာဦးသက်တင်(မဟာမြိုင်)]-ဒေါ်စီစီတင် (ဟိုတယ်/ခရီး-ငြိမ်း)၊ သား ဦးကျော်သူစံ (ပီနောင်တိုင်းကုမ္ပဏီ)-ဒေါ်ဆုသက်တင်၊ သား ဘိုဘိုသီဟ(ခေတ္တဂျပန်) မိသားစုနှင့် သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် အောင်မြေရတနာရပ် သုမင်္ဂလာလမ်း အမှတ် (၄၀)နေ ဗိုလ်မှူးမျိုးအောင်(ရေ) (ငြိမ်း)-ဒေါ်ရတနာ (မြန်မာ့အသံ၊ ငြိမ်း) သား ဖွဲ့ဇာနည်၊ သမီး သီရိသစ္စာ မိသားစုတို့က လှူဒါန်းသော ငွေကျပ် ၁၅ သိန်းစီနှင့် ကျောက်တံတားမြို့နယ် ၃၈ လမ်း အမှတ် (၁၅၉)နေ ဦးသုတ (အင်ဂျင်နီယာမှူးကြီး) - ဒေါက်တာ သီတာဦး(သမားတော်)၊ သမီး သန္တာမိုးသိမ့် အလိမ္မာမိသားစုတို့၏ လှူဒါန်း



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ် မဂ္ဂင်ကျောင်းတော်ကြီး အတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

ငွေ ကျပ် ၁၀သိန်းတို့ကို လက်ခံယူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်တို့က အလှူရှင် အသီးသီးတို့၏ လှူဒါန်းငွေများကို လက်ခံယူကြရာ ယနေ့ ကျင်းပသော ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၆၉ ဦးတို့က လှူဒါန်းငွေ ကျပ် ၅၂၁ သိန်းကို ပေးလှူဒါန်းကြခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

## အုတ်မြစ်စီမင်္ဂလာ

ထို့နောက် နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို အဆိုပါ ကျောင်းတော်ကြီး တည်ဆောက်မည့်နေရာ၌ ဆက်လက်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများက အုတ်မြစ်တော်စီမည့် ရတနာရွှေကြုတ်တော်၊ နဝရတ်ကိုးပါး အုတ်များကို မြစိမ်းရောင် ဘောဇနဆောင်မှ သယ်ဆောင်ကြပြီး

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**

# ဘဂ္ဂဒက်မြို့လယ်ဟိုတယ်၌ကားဗုံးပေါက်ကွဲ၍ လူ ၂၉ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၉

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ဗုဒ္ဓဟူးနေ့ညပိုင်းက အင်အားပြင်းထန်သည့် ကားဗုံးပေါက်ခဲ့ရာ နိုင်ငံခြားသားများ လာရောက်တည်းခိုတတ်သည့် ငါးထပ်အဆောက်အအုံ ဟိုတယ်တစ်လုံး ပျက်စီးခဲ့ပြီး လူ ၂၉ဦးသေဆုံးခဲ့သည်။**

### ပေါက်ကွဲမှုဖြစ်ပွား

မတ် ၁၇ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ မောင့်လက်ဘနွန် ဟိုတယ်၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ယင်းဖြစ်ရပ်သည် အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ မတိုင်မီ ရက်ပိုင်းအလိုတွင် အရပ်သားများ တိုက်ခိုက်ခံနေရမှု ဆက်လက်ဖြစ်ပွားနေကြောင်းကို ပြသလိုက်ခြင်းဖြစ်သည်။

### ဒဏ်ရာရ

မောင့်လက်ဘနွန်ဟိုတယ်မှ ကောင်းကင်သို့ လိမ့်တက်လာသည့် မီးခိုးလုံးကြီးများက အနီးရှိအိမ်များ၊ ရုံးများနှင့် ဆိုင်ခန်းများကို မီးစွဲလောင်စေခဲ့သည်။ ကယ်ဆယ်ရေးဝန်ထမ်းများက အပျက်အစီးများကြားမှ အလောင်းများကို ဆွဲထုတ်ကြပြီး ဒဏ်ရာရသူများကို ရှာဖွေကြသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၅၀ ဦး ဒဏ်ရာရရှိခဲ့သည်။

### တရားဝင်မပြောကြားသေး

မည်သူ့လက်ချက်ဖြစ်သည်ကိုတရားဝင်ပြောကြားခြင်း မရှိသေးပေ။ သို့ရာတွင် ဂျော်ဒန်နိုင်ငံသား အစ္စလမ္မစ်စစ်သွေးကြွ အဘူမူဆာဇာကာဝီသည် သက်ာမကင်းသူများတွင်ပါဝင်ကြောင်း အမေရိကန်အကြမ်းဖက်မှုတိုက်ဖျက်ရေး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

### တိုက်ခိုက်

အီရတ်နိုင်ငံတွင် ဟိုတယ်များ သို့မဟုတ် အရပ်သားများ နေထိုင်ရာဒေသများကဲ့သို့သောပစ်မှတ်များမှာဆက်လက်တိုက်ခိုက်ခံနေရကြောင်း ၎င်းက ပြောကြားသည်။

### ခန့်မှန်း

အဆိုပါကားသည် ပေါင်ချိန် ၁၀၀၀လေးသည့် ဖောက်ခွဲပစ္စည်းများပါဝင်သည်ဟု အမေရိကန် အမှတ်(၂) သံချပ်ကာတပ်မှ ဗိုလ်မှူးကြီး ရယ်ဘာကာက ခန့်မှန်းသည်။

### ဆင်တူ

ယင်းဗုံးမှာ ပလတ်စတစ် ဖောက်ခွဲပစ္စည်းများနှင့် အမြောက်ဆန်များ ရောထားခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ယင်းဗုံးမှာ လွန်ခဲ့သည့်နှစ် ဩဂုတ် ၁၉ရက်က ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်အား ဖောက်ခွဲခဲ့သည့် ဖောက်ခွဲ ပစ္စည်းများနှင့် ဆင်တူသည်။ ယင်းဖောက်ခွဲမှုကြောင့် လူ ၂၂ဦးသေဆုံးခဲ့သည်။

***အင်တာနက်။***

# အမေရိကန်၏ စီးပွားရေးကို ကန်ပြည်သူများ ပိုမိုစိတ်ပျက်လာ

ဝါရှင်တန် မတ် ၁၉

**အမေရိကန်ပြည်သူလူထုသည် ၎င်းတို့၏ စီးပွားရေးအခြေအနေနှင့် အမေရိကန်ပြည်ထောင်စု၏ ဦးတည်ရည်မှန်းချက်နှင့်ပတ်သက်၍ စိတ်ပျက်လက်ပျက် ပို၍ဖြစ်ပေါ်လျက်ရှိကြောင်း ယူအက်စ်အေတူဒေး သတင်းစာက အင်္ဂါနေ့တွင် ရေးသားလိုက်သည်။**

### သဘောမတွေ့

ဖဝရာခိုင်နှုန်းသော အမေရိကန်ပြည်သူလူထုက အမေရိကန်ပြည်ထောင်စုတွင် ယခုအခါဆောင်ရွက်နေသည့်လမ်းစဉ်နှင့် စပ်လျဉ်း၍ သဘောမတွေ့ကြကြောင်း ဂေါလ်အပ်လူထုသဘောထား စစ်တမ်းတစ်ခုအား ကိုးကား၍ အဆိုပါသတင်းစာက ရေးသားသည်။

### မဲဆွယ်ရေးလှုံ့ဆော်

အမေရိကန်၏ ယေဘုယျရည်မှန်းချက်လမ်းစဉ်နှင့် ပတ်သက်သည့် မေးခွန်းသည် လက်ရှိသမ္မတအား ပြန်လည်ရွေးကောက်ရန် အတွက် ထောက်ခံမှုပြုရေး၊ မပြုရေးကို မဲဆန္ဒရှင်များကဆုံးဖြတ်ရမည့် အခြေခံဆုံးဖြတ်ချက်များမှ အချက်တစ်ချက်ဖြစ်သည်။

ယင်းပြဿနာသည် ပြည်သူလူထုအား အဆိုးမြင်ကို ဖြစ်ပေါ်စေပြီး ယင်းအမြင်ဆက်လက် ပေါ်ထွန်းနေပါက သမ္မတဘုရှ်အတွက် မဲဆွယ်ရေးလှုံ့ဆော်မှုတွင် အရေးကြီးသည့် ပြဿနာအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်ဟု ယင်းသတင်းစာက ဖော်ပြထားသည်။

### တွေ့ကြုံရင်ဆိုင်

စီးပွားရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုက အမေရိကန်ပြည်သူလူထု၏ ကျေနပ်အားရမှုကို ကျဆင်းစေဖွယ်ရှိကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။

ယေဘုယျစီးပွားရေး အခြေအနေနှင့် သီးသန့်လုပ်ငန်းများ၏ အခြေအနေသည် အီရတ်စစ်ပွဲဖြစ်ပွားပြီး စစ်အပေါ် စိုးရိမ်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စု တွေ့ကြုံရင်ဆိုင်နေရသည့် အရေးပါဆုံးသော ထိပ်တန်း အဓိကပြဿနာ နှစ်ရပ်ဖြစ်သည်ဟု သတင်းစာက ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# လက်တင်အမေရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်များ အီရတ်၌ပစ်မှတ်ဖြစ်နေ ၊ စပိန်တပ်ဖွဲ့ဝင်များနှင့်အတူ ရုပ်သိမ်းရန် ကက်စထရို တိုက်တွန်း

**ဟာဗားနား မတ် ၁၈**

လက်တင် အမေရိကနိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၀၀၀သည် အီရတ်နိုင်ငံ၌ အသေခံပစ်မှတ်များ ဖြစ်နေရကြောင်း ကျူးဘား သမ္မတ ဖီဒယ်ကက်စထရိုက အင်္ဂါနေ့တွင် ပြောကြားလိုက်ပြီး စပိန်တပ်ဖွဲ့ဝင်များကဲ့သို့ အီရတ်မှပြန်လည်ရုပ်သိမ်းရန် တိုက်တွန်းလိုက်သည်။

ဇွန်လ ၃၀ ရက်နေ့တွင် စပိန်တပ်ဖွဲ့ဝင် ၁၃၀၀၀ အား အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အတွက် စပိန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသော ဟိုဆေးလူဝစ်ရိုဒရီကွစ်ဇ်အား ကက်စထရိုက ချီးကျူးလိုက်သည်။ ကက်စထရိုသည် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်မှုကို အပြင်းအထန် ဝေဖန်ကန့်ကွက်ခဲ့သူဖြစ်သည်။

လက်တင်အမေရိကဒေသမှသေးငယ်ပြီး ဆင်းရဲမွဲတေသည့် နိုင်ငံများမှ လူငယ် ၁၀၀၀ ကျော်ကို စပိန်တပ်ဖွဲ့၏ ကြီးကြပ်မှုအောက်တွင် အသေခံပစ်မှတ်အဖြစ် အီရတ်သို့ ပို့ထားခြင်းဖြစ်ကြောင်း ကက်စထရိုက ပြောကြားသည်ဟု ကျူးဘား ကွန်မြူနစ်ပါတီ အာဘော်သတင်းစာဂရမ္မာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့ကြောင့် ယင်းလူငယ် တစ်ဦးဦး သေဆုံးလျှင် စပိန်နိုင်ငံ၏ တာဝန်သာဖြစ်ကြောင်းနှင့် ယင်းလူငယ်များ အီရတ်နိုင်ငံမှ ချက်ချင်းပြန်လာရေးအတွက် လက်တင်အမေရိက ပြည်သူများတွင် မျှော်လင့်ချက်ထားရမည်ဖြစ်ကြောင်း ကျူးဘား ခေါင်းဆောင်က ပြောကြားသည်။

စပိန်တပ်ဖွဲ့၏ တစ်စိတ်တစ်ဒေသ အနေဖြင့် အယ်ဆာဗေဒိုတပ်ဖွဲ့ဝင် ၃၈၀၊ ဟွန်ဒူရပ်တပ်ဖွဲ့ဝင် ၃၇၀ နှင့် ဒိုမီနီကန်တပ်ဖွဲ့ဝင် ၃၀၀ တို့သည် အီရတ်နိုင်ငံ၌ ရောက်ရှိနေသည်။

***အမ်အင်အေ၊ရိုက်တာ***

### ကင်းလှည့်စောင့်ကြပ်

မတ် ၁၇ ရက်က ကာဘာလာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဟန်ဂေရီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ **(ဓာတ်ပုံ-အင်တာနက်)**






# အီရတ်အပေါ် အထင်အမြင်လွဲမှားစေရန် အမေရိကန်နှင့် ဗြိတိန်ခေါင်းဆောင်များ ဆောင်ရွက်ခဲ့ဟုဆို

**နယူးယောက် မတ် ၁၉**

အမေရိကန်နှင့် ဗြိတိန်ခေါင်းဆောင်များသည် အီရတ်စစ်ပွဲမတိုင်မီကာလတွင် ကမ္ဘာ့ပြည်သူများကို အီရတ်နိုင်ငံနှင့် ပတ်သက်ပြီး အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်သည်ဟု ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ်ဟောင်း ဟန်းဘလစ်က ပြောကြားသည်။

ကုလသမဂ္ဂဌာနချုပ်သို့ ဘလစ်လာရောက်စဉ်တွင် ဝန်ထမ်းများကအားရဝမ်းသာ ဆီးကြိုခဲ့ကြောင်းနှင့် အီရတ်စစ်ပွဲ တစ်နှစ်မြောက်အထိမ်းအမှတ်အဖြစ် ၎င်း၏ထင်မြင်ချက်များကို ထုတ်ဖော်ပြောကြားသည်။

အီရတ်စစ်ပွဲမတိုင်မီက အီရတ်တွင် အဖျက်စွမ်းအားကြီးမားသည့်လက်နက်များ မရှိသည်ကို ထင်ရှားစွာ သိရှိရကြောင်း၊ သို့ရာတွင် အမေရိကန်နှင့် ဗြိတိန် ခေါင်းဆောင်များသည် အထောက်အထားကို မျက်ကွယ်ပြုကာ ပြည်သူများအား အီရတ်၏ အန္တရာယ်ကြီးမားကြောင်း လွဲမှားစွာပြောကြားခဲ့သည်ဟု ဘလစ်က စွပ်စွဲပြောကြားသည်။

### တိုးပွားလာ

ထို့ပြင် ၎င်းတို့ပြောကြားသကဲ့သို့ အီရတ်စစ်ပွဲကြောင့် ကမ္ဘာကြီးပိုမိုလုံခြုံလာစေသည် မဟုတ်ဘဲ အကြမ်းဖက်ဝါဒနှင့် အနောက်နိုင်ငံများအား မုန်းတီးမှုများသာ တိုးပွားလာစေသည်။

***စီစီတီဗွီ။***

# အီရတ် ပြန်လည်တည်ဆောက်ရေး တွက်ချက်ရာတွင် ဗြိတိန်အစိုးရ ဆိုးဆိုးရွားရွားလွဲချော်ခဲ့ဟု ပါလီမန်အစီရင်ခံစာ၌ဖော်ပြ

လန်ဒန် မတ် ၁၈

**စစ်ပွဲလွန်အီရတ်နိုင်ငံတည်ငြိမ်ရန်နှင့် ပြန်လည်တည်ဆောက်ရန် လိုအပ်မည့်အချက်များကို တွက်ချက်ရာတွင် ဗြိတိန်အစိုးရအနေဖြင့် ဆိုးဆိုးရွားရွား လွဲချော်ခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့်ပါလီမန်အစီရင်ခံစာတွင် ဖော်ပြထားသည်။**

**အစိုးရ၏ တွက်ချက်မှုလွဲချော်မှုကြောင့် အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသည့် နယ်မြေတွင် ဖရိုဖရဲဖြစ်ပြီး မလိုလားအပ်ဘဲလုယက်မှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ ဗြိတိန်အောက်လွှတ်တော်ကာကွယ်ရေး ရွေးချယ်မှုကော်မတီက တင်ပြသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။**

**ဗြိတိန်အစိုးရသည် တပ်ဖွဲ့ဝင်အင်အားကို မလိုအပ်ဘဲ ဆန့်ထုတ်ဖြည့်တင်းပြီး အီရတ်ပြည်သူများနှင့် ရင်းရင်းနှီးနှီးမဆက်ဆံခဲ့သည့်အတွက် အီရတ်နိုင်ငံ၌ စစ်ကြီးကာလ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုတင်ပြင်ဆင်မှုမလုပ်နိုင်ခဲ့ကြောင်းဖြင့်လည်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ စီမံခန့်ခွဲမှုညံ့ဖျင်းမှု၊ ပစ္စည်းကိရိယာ မလုံမလောက်မှုနှင့် ဆက်သွယ်ရေးအခက်အခဲများ ကြုံတွေ့နေမှုတို့ကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်များမှာ စိတ်ဓာတ်ကျခဲ့ရကြောင်း ဆက်လက်ပါရှိသည်။**

**အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များသည် ဘဂ္ဂဒက်မြို့ကို သိမ်းပိုက်ပြီးနောက် လက်နက်တိုက်များကို မှန်မှန်ကန်ကန်ကာကွယ်စောင့်ရှောက်မှု မပြုခဲ့သည့်အတွက် အီရတ်အရပ်သားများ အသက်ဆုံးရှုံးခဲ့ရပြီး ပြောက်ကျားများအတွက် လက်နက်ခဲယမ်းမီးကျောက်များကို လွယ်လင့်တကူ အသင့်ရရှိစေခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။**

*အမ်အင်အေ၊ဆင်ဟွာ။*

# အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

## အီရတ်စစ်ပွဲကြောင့် ပျက်စီးရမှုများ ပြန်လည်ထူထောင်ရန် ငွေကြေးလိုအပ်ချက်ကြီးမား

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်စစ်ပွဲကြောင့် အီရတ်နိုင်ငံတွင် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ရသည်။ ထိုနည်းတူပင် အခြေခံအဆောက်အအုံများမှာလည်း ပျက်ပြားခဲ့ရသည်။ အီရတ်နိုင်ငံကို ပြန်လည် ထူထောင်ရန်အတွက် ငွေကြေးအလုံးအရင်းဖြင့် သုံးစွဲရမည်ဖြစ်ပြီး အချိန်ယူ ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။






ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တပ်ဖွဲ့၏ ခဲယမ်းမီးကျောက်သိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် အနီးရှိ နေအိမ်တစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။

အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် မြို့တော်ဘဂ္ဂဒက်ရှိ မိခင်နှင့်ကလေး ဆေးရုံအဆောက်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။



### အီရတ်စစ်ပွဲကြောင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရန် ငွေကြေးလိုအပ်ချက်

| စဉ် | လုပ်ငန်းကဏ္ဍများ | ကုန်ကျမည့်ငွေကြေး |
|---|---|---|
| ၁။ | လျှပ်စစ်ဓာတ်အားပေးရေးစနစ် | ဒေါ်လာ ၁၂ ဘီလျံ |
| ၂။ | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းစနစ်များ | ဒေါ်လာ ၆ ဘီလျံ |
| ၃။ | ပညာရေး | ဒေါ်လာ ၄ ဒသမ ၈ ဘီလျံ |
| ၄။ | ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး | ဒေါ်လာ ၃ဒသမ ၄ ဘီလျံ |
| ၅။ | လယ်ယာစိုက်ပျိုးရေး | ဒေါ်လာ ၃ ဘီလျံ |
| ၆။ | အိုးအိမ်နှင့် မြို့ပြတည်ဆောက်ရေး | ဒေါ်လာ ၁ ဒသမ ၈ ဘီလျံ |
| ၇။ | ကျန်းမာရေး | ဒေါ်လာ ၁ ဒသမ ၆ ဘီလျံ |
| ၈။ | မြို့ပြလုံခြုံရေး | ဒေါ်လာ ၅ ဘီလျံ |
| ၉။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း | ဒေါ်လာ ၃ ဒသမ ၅ ဘီလျံ |
| ၁၀။ | ရေနံထုတ်လုပ်ရေးလုပ်ငန်းများ | ဒေါ်လာ ၈ ဘီလျံ |
| | **စုစုပေါင်း** | **ဒေါ်လာ ၄၉ ဒသမ ၁ ဘီလျံ** |





### အမှိုက်သရိုက်များဖြင့်ညစ်ပေ

ကျူးကျော်စစ်ပွဲ၏ အကျိုးဆက်အဖြစ် အီရတ်နိုင်ငံတွင် အခြေခံဝန်ဆောင်မှုလုပ်ငန်းများပျက်စီးခဲ့ရာ မြို့တော်ဘဂ္ဂဒက်ရှိ အရိုးရောဂါအထူးကုဆေးရုံတွင် အမှိုက်သရိုက်များဖြင့် ညစ်ပေနေသည်ကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။



### ပျက်စီး

ဖေဖော်ဝါရီ ၁၉ရက်က အီရတ်နိုင်ငံ ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်တစ်အိမ်ကို တွေ့ရစဉ်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

## (၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ပုဂံ–ကျောက်ပန်းတောင်း ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းပြမြေပုံ





ပုဂံ–ကျောက်ပန်းတောင်း ရထားလမ်းဖောက်လုပ်မှုတွင် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၌ ဤသို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။



ပုဂံ–ကျောက်ပန်းတောင်း ရထားလမ်းဖောက်လုပ်မှု မြေသားလုပ်ငန်း၌ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ မြေဖို့၊ မြေသိပ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်။



ပုဂံ–ကျောက်ပန်းတောင်း ရထားလမ်းဖောက်လုပ်မှု မြေသားလုပ်ငန်း၌ တပ်မတော်သားများ ဤသို့အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

### တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပုဂံ–ကျောက်ပန်းတောင်း ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း

| စဉ် | လုပ်ငန်းအမျိုးအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁။ | **မြေသားလုပ်ငန်း** | |
| | တူးမြေ၊ ဖို့မြေ၊ မြောင်းများ | ၇၁၁၅၀၃.၀၃ ကျင်း |
| ၂။ | **သံလမ်းခင်းလုပ်ငန်း** | |
| | ၇၉ပေါင်(၃၉ ပေ)သံလမ်း | ၈၈၂၁ ချောင်း |
| | ဇလီဖားတုံး | ၃၁၃၂၄ တုံး |
| | လမ်းခင်းကျောက် (၁X၂)လက်မ | ၃၁၃၉၇.၂၀ကျင်း |
| ၃။ | **ဘူတာနှင့်ရပ်စခန်းများ** | ၈ ခု |
| ၄။ | **တံတားများ** | |
| | ပေ ၁၀၀အထက် | ၄ စင်း |
| | ပေ ၁၀၀အောက် | ၁၀၂ စင်း |
| ၅။ | **စုစုပေါင်းရထားလမ်းမိုင်** | ၂၉.၉၂ မိုင် |



## ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ မတ် ၁၉ရက်က မူဆယ်မြို့ စိုစိုပြေပြေ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေး မိသားစုက ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ငွေကျပ် သိန်း ၁၀၀နှင့် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေးအတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မတ် ၁၉ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ်ကြီး ဖွင့်ပွဲ အထိမ်းအမှတ် တော်ဝင်အုန်းပင်ကို အားကစားကွင်းအဝင်၌ စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

☆ ကျောဖုံးမှ

ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မူဆယ်မြို့ စိုစိုပြေပြေကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးတို့က ဖဲကြိုးဖြတ်၍ မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ်ကြီး ကိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု အဆင့်မြင့် အားကစား ကွင်းသစ်ကြီး ဖွင့်ပွဲ အထိမ်းအမှတ် တော်ဝင်အုန်းပင်ကို အားကစားကွင်း အဝင်၌ စိုက်ပျိုးပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ် ကမ္ဗည်းမော်ကွန်းအားစက်ခလုတ်နှိပ်၍ ဖွင့်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည်ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာ ရည်များဖြင့် ပက်ဖျန်းကြပြီး ဖွင့်ပွဲ အစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို အဆိုပါ အားကစားကွင်းသစ်ကြီး အတွင်း၌ ဆက်လက်ကျင်းပသည်။

### ရှင်းလင်းပြောကြား

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်း ပြောကြားရာတွင် နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်လေးရပ်အနက် တစ်ချက်အပါအဝင်ဖြစ်သော **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဟူသော ဦးတည်ချက်နှင့် ညီညွတ်စွာ မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်မြို့ ဖြစ်သည့် မူဆယ်မြို့တွင် ယခုကဲ့သို့ အဆင့်မြင့် ခေတ်မီအားကစားကွင်းသစ်ကြီး တည်ဆောက် ဖွင့်လှစ်နိုင်ခြင်း သည် ဒေသနေပြည်သူများ အတွက် သာမက၊ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ခံစားမိကြောင်း တင်စား ပြောကြားလိုကြောင်း။

ယခု အားကစားကွင်းသစ်ကြီးမှာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မူဆယ်မြို့၏ အရှိန်အဟုန် ဖြင့် တိုးတက်လာနေမှု အနေအထား များနှင့် ကိုက်ညီမည့် အားကစားကွင်း သစ်တစ်ခုကို တည်ဆောက်အကောင် အထည်ဖော်ရန် လမ်းညွှန်တာဝန် ပေးချက်အရ အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်နိုင်ခဲ့သည့် အားကစား ကွင်းကြီးမှာ မီတာ ၄၀၀ ပြေးလမ်း အပါအဝင် စံချိန်မီ ဘောလုံးကွင်း တစ်ကွင်း၊ ထိုင်ခုံ၆၄၀၀ပါ အထူးတန်း ပွဲကြည့်စင်တစ်ခု၊ ပွဲကြည့်ပရိသတ် အင်အား၁၅၀၀ဆံ့ ရိုးရိုးတန်းပွဲကြည့်စင် တစ်ခု၊ သံလုံးပစ်၊ သံပြားပစ်၊လှံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ တုတ်ထောက်ခုန်၊ သုံးဆင့်ခုန်စသည့် ပြေးခုန်ပစ် အားကစားကွင်းများနှင့် အားကစား နှင့် ကာယပညာဦးစီးဌာန ရုံးတစ်ရုံး၊ ဝန်ထမ်းအိမ်ရာသုံးလုံးတို့ ပါဝင်ပြီး စုစုပေါင်းကျပ်သိန်းပေါင်း ၆၀၀၀ကျော် တန်ဖိုး ကုန်ကျခံ တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ **အမျိုးဂုဏ်၊ ဇာတိဂုဏ်** မြင့်မား တိုးတက်လာစေရေးအတွက်အားကစား ဝန်ကြီးဌာနနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အနေဖြင့် အမျိုးသားအားကစားတာဝန်ကို အထူး ကြိုးပမ်းထမ်းဆောင်နေကြသည့်ကာလ နှင့် တိုက်ဆိုင်စွာ ယခုကဲ့သို့ အဆင့်မြင့် ခေတ်မီ **အားကစား ကွင်းသစ်တစ်ခု** တည်ဆောက် အကောင်အထည်ဖော် နိုင်ခြင်းသည် ပြည်နယ်နှင့် နိုင်ငံတော် အတွက်အားကစားမြှင့်တင်ရေးလုပ်ငန်း များအပေါ် ထိရောက်သော အကျိုး ဖြစ်ထွန်းလာစေနိုင်မည် ဖြစ်ကြောင်း ယုံကြည်မိပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေ ဖြင့် ထူးချွန်သော အားကစားမောင်၊ မယ်၁၅ဦးတို့ကို လက်ရှိနိုင်ငံ့ကိုယ်စား ပြု အားကစားသူရဲကောင်းများအဖြစ် မွေးထုတ်ပေးနိုင်လျက် နိုင်ငံတကာ ပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားပြု အသီးသီး ပါဝင်ယှဉ်ပြိုင်နေကြလျက် ရှိနေကြကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေ ဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစား ကြယ်ပွင့်များ ပေါ်ထွန်းလာစေရေး အတွက် နိုင်ငံတော်နှင့် အားကစား ဝန်ကြီးဌာနကချမှတ်ပေးသော စီမံချက် များနှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ် ခြင်း၊ မျိုးဆက်သစ် အားကစား မောင်မယ်များ ပြုစုပျိုးထောင်ခြင်း တို့အားဖြင့် ကြိုးပမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားသွားသည်။

### ဦးစားပေးဆောင်ရွက်နေ

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် က အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား ရှင်းလင်းတင်ပြရာ တွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံသစ်ကြီးအဖြစ် အမြန်ရောက်ရှိစေရေးအတွက် အရှိန် အဟုန်ပြင်းစွာဖြင့် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိနေသည့် အချိန်အခါတွင်နိုင်ငံတော်၏အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကိုလည်း နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနည်းတူ ဦးစားပေးဆောင်ရွက်နေသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ် နိုင်ငံတကာ အားကစားလုပ်ငန်းများ ဆောင်ရွက်ကြ ရာတွင် ကမ္ဘာ့နိုင်ငံ အသီးသီးအနေဖြင့် အားကစားလှုပ်ရှားမှုများကို ယခင် အချိန်ကာလ အခြေအနေမျိုးလို သာမန် လုပ်ငန်းအဖြစ် ပေါ့ပေါ့တန်တန် သဘောမထားကြတော့ဘဲ နိုင်ငံတော် ၏ အမျိုးသားရေးလုပ်ငန်းအဖြစ် သတ်မှတ် ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ နိုင်ငံတကာအလယ်မှာ နိုင်ငံတော်အလံ တလူလူလွင့်ထူ နိုင်ရေး၊ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်မြှင့်တင် နိုင်ရေးအတွက် နိုင်ငံတော်၏ အားကစား မြင့်မားရေးလုပ်ငန်းများ သည် အထိရောက်ဆုံးနှင့် အကျိုး သက်ရောက်မှုအရှိဆုံး လုပ်ငန်းများ ပင်ဖြစ်ကြောင်း။

### အနီးကပ်လမ်းညွှန်

ယခုအခါတွင် နိုင်ငံတော်၏ အားကစားမြှင့်တင်ရေး လုပ်ငန်းများ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်အောင် နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးပြီး မြန်မာ နိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ကို နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းကာ အနီးကပ်လမ်းညွှန် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အမျိုးသား အားကစားနည်းဟု သတ်မှတ်ရမည့် ဘောလုံးအားကစား နည်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် ချက်နှင့်အညီ လူငယ်ဘောလုံးဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များကို နိုင်ငံ အနှံ့အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသလို စဉ်ဆက်မပြတ် ဘောလုံး ပြိုင်ပွဲများကိုလည်း တိုင်းနှင့်ပြည်နယ် အသီးသီးမှာ နှစ်လုံးပေါက် ကျင်းပပေး လျက်ရှိကြောင်း။ ထို့ပြင် ဘောလုံး အားကစားနည်း အရှိန်အဟုန်ဖြင့် တိုးတက်လာရန် ဘောလုံးကွင်းသစ်များ ဖောက်လုပ်ခြင်း၊ ဘောလုံးကွင်းဟောင်း များကို အဆင့်မြှင့်တင်မွမ်းမံ ပြင်ဆင် ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိကြောင်း။

ယခုလိုဆောင်ရွက်ရာတွင် ဘောလုံး အားကစားနည်းတွင်မကဘဲ အခြား အားကစားနည်း အမျိုးမျိုးမှာပါ တိုးတက်အောင်မြင်မှုများ ရရှိစေရန် အတွက်လည်း အားကစားရုံများ၊မီတာ ၄၀၀ပြေးလမ်းပါ အားကစားကွင်း များကို မြို့နယ်၊ ခရိုင်၊ တိုင်းများမှာ တည်ဆောက်ခြင်း၊ပြုပြင်ခြင်းလုပ်ငန်း များ စတင် ဆောင်ရွက်နေပြီဖြစ် ကြောင်း။

ယခုအချိန်မှာ နိုင်ငံတော်အကြီးအကဲ များ၏ အားပေးလမ်းညွှန်မှု၊ တိုင်းရင်း သား ပြည်သူများ၏ တစ်ခဲနက် အားပေးမှု၊ မျိုးချစ်စိတ်ဓာတ်ပြင်းပြ သည့် စေတနာရှင်၊ လုပ်ငန်းရှင်များ၏ ထောက်ပံ့ဖြည့်ဆည်းပေးမှုများသည် ဘယ်ခေတ်ဘယ်ကာလနှင့်မျှ မတူ အောင် မြင့်မားနေသဖြင့် အားကစား သမားများကလည်း အားကစား စိတ်ဓာတ် မြင့်မားတက်ကြွစွာ အားကြိုးမာန်တက် ကြိုးစားအားထုတ် လေ့ကျင့်ပြီး နိုင်ငံ့ဂုဏ် မြှင့်တင်နိုင် အောင် ကြိုးပမ်းသွားကြရမှာဖြစ် ကြောင်း။

### နှစ်နိုင်ငံချစ်ကြည်ရေး

ယနေ့ ဖွင့်လှစ်သည့် မူဆယ် အားကစားကွင်းသစ်ကြီးသည် နိုင်ငံ တကာအဆင့်မီ ပြိုင်ကွင်းကြီးဖြစ်သည် နှင့်အညီ အားကစားသမားကောင်းများ မြောက်မြားစွာ မွေးထုတ် ပေးနိုင်တော့ မှာဖြစ်သလို မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်မှာ တည်ရှိနေသဖြင့်အားကစား ဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက် တည်ဆောက်နိုင်မှာ ဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။

ယခုလိုအားကစား တိုးတက်ရေး၊ နှစ်နိုင်ငံချစ်ကြည်မှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာ အထောက်အကူ ဖြစ်စေမည့် ဘောလုံး အားကစား

**စာမျက်နှာ ၁၁ ကော်လံ ၁သို့** ☆



**မတ်၁၉ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မူဆယ်မြို့ စိုစိုပြေပြေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးတို့က မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

☆ **စာမျက်နှာ ၁၀မှ**

ကွင်းသစ်ကြီး ရေရှည်တည်တံ့ အသုံးပြုနိုင်ရန်အတွက် ဒေသခံပြည်သူများ၊ အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အားကစားနှင့် ကာယပညာကော်မတီဝင်များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးသွားကြပါဟု မေတ္တာ ရပ်ခံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

**တိုးတက်ဖြစ်ထွန်းမှု**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ကြီးမှာ ယခုလို အဆင့်မြင့် အားကစားကွင်းသစ်ကြီး တစ်ခု တိုးပွားဖြစ်ထွန်းလာခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် သော်လည်းကောင်း၊ မူဆယ်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း ထိထိရောက်ရောက် ဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်မည့် တိုးတက်ဖြစ်ထွန်းမှု တစ်ခုဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ခေတ်မီ အားကစားကွင်းတစ်ခု၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် အဆင့်မြင့်အားကစားကွင်းသစ်တစ်ခု ယခုလိုပေါ်ထွန်းလာခြင်းသည်နိုင်ငံတော်အစိုးရက အလေးအနက်ထား အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင် ပြည့်မြောက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး ဆူကြိုနိမ့်မြင့် ကွာဟချက် ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုးတက်ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးမှု အခြေခံကောင်းများကိုဤနယ်မြေအစိတ်အပိုင်းဒေသများတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အားလုံးက စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနိုင်စေရန် အထူးအာရုံစူးစိုက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တိုးမြှင့်တည်ဆောက်နေ**

အထူးသဖြင့် တစ်ချိန်သော ကာလက နယ်မြေဒေသ လုံခြုံအေးချမ်းမှု ကင်းမဲ့ခဲ့၍ ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းခိုင်မြဲစေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရရှိဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိကြောင်း။

မူဆယ်မြို့မှာ နယ်စပ်ဒေသမြို့ဖြစ်သည့်အပြင် မိမိတို့နိုင်ငံတော် အစိုးရခေတ်ကာလမှာ ပြောင်းလဲကျင့်သုံး လာခဲ့သည့်ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများပါ ဖြစ်ထွန်းနေသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် စီးပွားရေးအရရော လူမှုရေးအရပါ အရေးပါသော နေရာဒေသတစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မူဆယ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံချမှတ် အားပေးဆောင်ရွက်ခဲ့သည့်အတွက်ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားခိုင်မြဲမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင်ဒေသဖွံ့ဖြိုးရေး အခြေခံများ တိုးတက်ကောင်းမွန်လာမှုတို့နှင့်အတူ စီးပွားကုန်သွယ်မှု လုပ်ငန်းများပါ တိုးတက်ဖြစ်ထွန်းလာမှုတို့ ပေါင်းစည်းပြီး မူဆယ်မြို့ကြီးသည် တိုတောင်းသော ကာလအတွင်းတွင် တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာခဲ့ပြီလည်းဖြစ်ကြောင်း။

ယခုဆိုရင် မူဆယ်မြို့ကြီးသည် ခေတ်မီအဆင့်မြင့်တိုက်တာ အဆောက်အအုံတွေ၊ဟိုတယ်ကြီးတွေ၊ နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးတွေ စသည့် ခေတ်မီမြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ အင်္ဂါရပ်များနှင့်ညီညွတ်ပြည့်စုံသော မြို့ကြီးတစ်မြို့ဖြစ်လာနေပြီဖြစ်ကြောင်း။

ယခုလိုအခြေအနေအချိန်ခါမှာ မူလအားကစားကွင်းဟောင်းမှာ မြို့အလယ်ကျဉ်းမြောင်းသော နေရာဒေသမှာ ကျရောက်နေသည့်အတွက် ပြုပြင်တိုးချဲ့ရန် အခက်အခဲ ဖြစ်နေတာကြောင့် ၄င်းနေရာမှာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတစ်ရပ်ဆောင်ရွက်ပြီးယခုရွှေ့ပြည်သာမြို့သစ်မှာ အဆင့်မြင့်ပွဲကြည့်စင်များနှင့် တကွ မီတာ၄၀၀ကျော်ပြေးလမ်း ပါဝင်သည့် စံချိန်မီ ခေတ်မီဘောလုံးကွင်း တည်ဆောက်နိုင်စေရန် ၂၀၀၃ခုနှစ် မတ်လအတွင်း မိမိမူဆယ်မြို့ကို ရောက်ရှိစဉ်မှာ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြခဲ့သည့်အတွက် ခွင့်ပြုခဲ့ခြင်းပဲ ဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာ**

ယခုလို ခေတ်မီအားကစားကွင်းသစ်ကြီး ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် မူဆယ်မြို့ကြီးအတွက် ဂုဏ်ယူဖွယ်ရာ ဂုဏ်အင်္ဂါရပ်တစ်ခုတိုးပွားလာခြင်းလည်းဖြစ်ကြောင်း၊ မူဆယ်မြို့သည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေစွာ ဖွံ့ဖြိုးတိုးတက်ပါမှ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်မှာဖြစ်ကြောင်း။

အလားတူပင် နယ်စပ်မြို့တစ်မြို့ ဖြစ်သည့်အားလျော်စွာ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ မယိုမယွင်း မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လွန်စွာမှ အရေးကြီးလှကြောင်း။

ထို့ပြင် နှစ်နိုင်ငံရရှိဖြစ်ထွန်းနေသည့် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မြဲစေရအောင်၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားဖြစ်ထွန်းစေရအောင်၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ တစ်ဖက်စောင်းနင်း မဖြစ်စေဘဲ နှစ်ဦးနှစ်ဖက်အကျိုးရှိ မျှတစွာတိုးတက်ဖြစ်ထွန်းစေရအောင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများအားလုံးက စည်းကမ်းတကျ ထိန်းသိမ်းဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

ထို့အတူ မူဆယ်ခရိုင်၏ အားကစားအဆင့်အတန်းတိုးတက် မြင့်မားရေး၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းရေးတို့အတွက်လည်း ကြိုးစားအားထုတ်ကြဖို့ မှာကြားလိုကြောင်း။

လက်ရှိအခြေအနေတွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းမှနိုင်ငံ့ဂုဏ်ဆောင် အားကစားသမား မောင်မယ်များ အမြောက်အမြား မွေးထုတ်နိုင်ခဲ့ပြီးဖြစ်သည်နှင့်အညီ ယခု ခေတ်မီ အားကစားကွင်းသစ်ကြီး ပေါ်ထွန်းလာသည့်အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ဆက်လက်ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားပြီးလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် "မြန်မာအားကစားကမ္ဘာကိုလွှမ်းစေရမည်"ဆိုသည့် မွန်မြတ် မြင့်မားသည့် ဦးတည်ချက်ကို ချမှတ်ထားပြီး ဖြစ်သည်နှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကလည်း မိမိတို့ဒေသအတွင်း နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် အားကစားသမားမောင်မယ်များ ပေါ်ထွန်းလာရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည့်မူဆယ်မြို့ကြီး ပိုမိုပြီးဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင်၊ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နယ်မြေဒေသ ငြိမ်းချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုပြီးတိုးတက်ခိုင်မြဲစေရအောင်နှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း။

**နိုင်ငံ့ဂုဏ်ဆောင်**

တစ်ဆက်တည်းမှာပင် ယနေ့ဖွင့်လှစ်ပေးလိုက်သော အားကစားကွင်းသစ်က မွေးထုတ်ပေးလိုက်သည့် အားကစားသမား မောင်မယ်များသည် တစ်ချိန်သောကာလမှာ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်သော အားကစားသမားများအဖြစ် အောင်မြင်မှုများ ရရှိကြပါစေဟု ဆန္ဒပြုပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စိုစိုပြေပြေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၊ ဦးစိုးထွန်းအေး မိသားစုက ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ငွေကျပ်သိန်း၁၀၀နှင့် မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ငွေကျပ်သိန်း၁၀၀တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့အား စိုစိုပြေပြေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းအေး မိသားစုက ရှမ်းပြည်နယ် (မြောက်ပိုင်း) ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ် သိန်း၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်စိုစိုပြေပြေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းအေးက အားကစားကွင်း တည်ဆောက်မှုနှင့် ပတ်သက်သောစာရွက်စာတမ်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဝန်ကြီးများအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်လှိုင်က ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံနှင့် လက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းသူကလေးများ၏ စာတန်းသရုပ်ဖော်မှု၊ ကဗျာလွတ်အကနှင့် တိုင်းရင်းသူများ၏ ရိုးရာအကများကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထူးတန်းပွဲကြည့်စင်အဆောက်အအုံကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီးအနီး မြေဧက ၂၀ပေါ်၌ မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ တည်ဆောက်နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ဖွယ်ရာများ မှာကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ လက်ရှိ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ ရွှေလီရတနာခန်းမ၌ မူဆယ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်မှု၊ ခရိုင်အတွင်း မိုးစပါး၊နွေစပါး စိုက်ပျိုးမှု၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ စက်မှုလယ်ယာကူးပြောင်းရေး ဆောင်ရွက်နေမှု၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ဆောင်ရွက်နေမှု၊ ပညာရေးကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ငွေက နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ်မှ တပ်ခွဲမှူး ဗိုလ်မှူးကြည်ဇင်က နယ်စပ်ဒေသ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မူဆယ်မြို့သည် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နယ်စပ်ဒေသ မြို့ဖြစ်သည်နှင့်အညီ မူဆယ်မြို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံ ဆက်သွယ်ဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အဆင်ပြေချောမွေ့စေရန် အလေးထား ဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ များစွာဖြစ်ထွန်းလျက်ရှိနေကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ရရှိဖြစ်ထွန်းနေသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင်လည်း နှစ်ဦးနှစ်ဖက်မျှတစွာ အကျိုးဖြစ်ထွန်းစေရအောင်၊ လုပ်ငန်းများ သွက်လက်မြန်ဆန် မှန်ကန်စေရအောင် ကြိုးစားဆောင်ရွက်ကြဖို့လိုကြောင်း။

နှစ်နိုင်ငံအကြား နယ်စပ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာ ချုပ်ဆိုထားသည့် သဘောတူညီချက်များနှင့် စပ်လျဉ်း၍လည်း မိမိတို့အခြေခံအဆင့်၌ ပူးပေါင်းဆောင်ရွက်ဖွယ်ရာများကို စနစ်တကျ

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ရက်က ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်-လောက်ကိုင် လမ်းပေါ်မှ သံလွင်တံတား (တာပါး) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးမြင့်လွင်အား လက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်-လောက်ကိုင် လမ်းပေါ်မှ သံလွင်တံတား (တာပါး) တည်ဆောက်ရေး လုပ်ငန်းများကို တွေ့ရစဉ်။** (သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ်၁၉ ရက်က ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန်(ကောင်းခါး) ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

○ စာမျက်နှာ ၁၁ မှ

အလေးထား ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

### ကွင်းဆင်းထိတွေ့

မူဆယ်မြို့သည် ခရိုင်အဆင့် မြို့ကြီးဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသအတွင်းရှိ မြို့နယ်များ၊မြို့များ၊ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်း အကောင်အထည်ဖော်ပေးနိုင်စေရအောင် စနစ်တကျ စီမံခန့်ခွဲပေးကြရမှာဖြစ်ကြောင်း။

အလားတူပင် မိမိတို့ အဆင့်ဖြင့် စီမံခန့်ခွဲနိုင်ခြင်းမရှိသော လုပ်ငန်းကိစ္စရပ်များကို အထက်အဆင့်ဆင့်သို့ မှန်ကန်မြန်ဆန်စွာတင်ပြကြဖို့ မှာကြားလိုကြောင်း။

လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသော ကော်မတီများရှိပြီးဖြစ်ရာ လုပ်ငန်းများ ပီပြင် ထိရောက်အောင်မြင်စေရအောင် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်မှသာ မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

အခြေခံဒေသ ကျေးလက်များ၏ ပကတိအခြေအနေကို သိရှိပြီး ပြည်သူများ၏လိုအပ်ချက်ကို ကိုယ်ထိ လက်ရောက် ဖြည့်ဆည်းစီမံပေးနိုင်သည်နှင့် အမျှ ပြည်သူများ၏ ယုံကြည်ကိုးစားမှု၊ ပူးပေါင်း ဆောင်ရွက်မှုအားကိုရရှိပြီး မိမိတို့၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### သံလွင်တံတား(တာပါး)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့မှ တစ်ဆင့် ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင် – တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင်လမ်းပေါ်မှ သံလွင်တံတား(တာပါး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသား၊တိုင်းရင်းသူများကကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက သံလွင်တံတား (တာပါး) တည်ဆောက်ရေး စီမံကိန်းအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၉)မှ ဒုတိယ

# ရှမ်းပြည်နယ်အတွင်း လမ်းများ လက်ယှက်ထိုး ပေါ်ထွန်းလာ တိုင်းရင်းသားအချင်းချင်း သံယောဇဉ်နှောင်ကြိုးများ ပိုမိုတိုးပွားခိုင်မြဲ

အင်ဂျင်နီယာမှူးကြီး ဦးသန်းရွှေက သံလွင်တံတား (တာပါး) တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ခြင်း၊ မုံးစီးဘက်ကမ်းတာဝါတိုင် အုတ်မြစ်တည်ဆောက်ခြင်း၊ကြိုးထိန်းတုံးအုတ်မြစ်တည်ဆောက်ခြင်း၊ တာရွှေထန်ဘက်ကမ်းတာဝါတိုင်အုတ်မြစ်တည်ဆောက်ခြင်း၊ ကြိုးထိန်းတုံး အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းများ အခြေအနေ၊ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းများ မူလသတ်မှတ်ချိန်ထက် တတ်နိုင်သမျှစော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားအထူးအဖွဲ့(၉)မှဝန်ထမ်းများကိုယ်စား ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းရွှေအားလည်းကောင်း၊ လမ်းလုပ်ငန်း အထူးအဖွဲ့မှ ဝန်ထမ်းများကိုယ်စား မြို့နယ်အင်ဂျင်နီယာဦးသိန်းအောင်အားလည်းကောင်း စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးမြင့်လွင်အား စားသောက်ဖွယ် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် သံလွင်တံတား(တာပါး) မုံးစီးဘက်ကမ်းတာဝါတိုင် အုတ်မြစ်တည်ဆောက်မှုလုပ်ငန်း၊ ကြိုးထိန်းတုံး အုတ်မြစ်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင် လမ်းအဆင့်မြင့်ကတ္တရာခင်းရန် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

### သံမဏိသံပေါင်ကြိုးတံတား

သံလွင်တံတား (တာပါး)မှာသံလွင်အနောက်ဘက်ခြမ်းရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး လမ်းအပိုင်းနှင့် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ တာပါး၊ တာရွှေထန်၊ လောက်ကိုင်လမ်းအပိုင်းတို့ကို သံလွင်မြစ်ကို ဖြတ်သန်းဆက်သွယ်ပေးမည့် ပေ၆၀၀ အရှည်ရှိ ကွန်ကရစ်ခင်း သံမဏိသံပေါင် ကြိုးတံတားဖြစ်သည်။

ဤတံတားပြီးစီးသွားပါက သံလွင်မြစ်၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ပေါင်းကူးပေးသည့် လမ်းကြောင်းတစ်ခု တိုးတက်ဖြစ်ထွန်းလာသည့်ပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားများအတွက် စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားလာစေရေးကို များစွာ အထောက်အကူပြုစေမှာဖြစ်သည်။

### နမ့်ဟူးမွန်ရေအားလျှပ်စစ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန် (ကောင်းခါး)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးစံလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)မှ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်နှင့်တကွ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပေါ်လာပုံနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးဝင်းကြည်က နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ရေလွှဲဆည်ရေယူအဆောက်အအုံ၊ ရေထုတ်ပြွန်၊ ရေသွယ်မြောင်း၊ နုန်းစစ်ကန်၊ ရေထိန်းကန်၊ ရေပိုလွှဲနှင့် ရေထုတ်မြောင်း တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်း လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် က ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား စားသောက်ဖွယ် လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နမ့်ဟူးမွန် (ကောင်းခါး) ရေအား လျှပ်စစ်စီမံကိန်းမှ ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ (မြို့ပြ) ဦးငွေစိုးအား စားသောက်ဖွယ် လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့အား တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ဂါရဝပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် လုပ်ငန်းခွင်သို့ သွားရောက်၍ ရေလွှဲဆည်၊ရေလွှဲတံခါး၊ ရေထုတ်ပြွန်၊ သဲစစ်ကန်နှင့် ရေသွယ်မြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ၁ဒသမ၄၇၅ကီလိုဝပ် နာရီသန်း

နမ့်ဟူးမွန်(ကောင်းခါး) ရေအားလျှပ်စစ်စက်ရုံတွင် ကီလိုဝပ် ၁၅၀ စက်နှစ်လုံးတပ်ဆင် လည်ပတ်မည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ထွက်ရှိမည့် ဓာတ်အားမှာ ၁ ဒသမ ၄၇၅ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။ ကောင်းခါးမြို့အတွက် လုံလောက်သော လျှပ်စစ်ဓာတ်အားကို ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကွတ်ခိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ဝေက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ပထဝီအနေအထား၊ မိုးရွာသွန်းမှု အခြေအနေ၊ အထွက်တိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ကွတ်ခိုင်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်မိမိတို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့နံနက်ပိုင်းက မူဆယ်မြို့တွင် ခေတ်မီအားကစားကွင်းသစ်ကြီး ဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ဒေသဆိုင်ရာအာဏာပိုင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံ၍ ကွတ်ခိုင်မြို့နယ်အပါအဝင် မူဆယ်ခရိုင်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးလည်း ဖြစ်ကြောင်း။

ယင်းနောက်သံလွင်မြစ်အနောက်ဘက်ရှိ ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး၊ တာပါး ကျေးရွာများနှင့် သံလွင်မြစ်အရှေ့ဘက်ရှိ တာပါး၊ လောက်ကိုင်၊ ကုန်းကြမ်းမြို့နှင့် တာရွှေထန်ရွာတို့ကို ဆက်သွယ်ပေးမည့် သံလွင်မြစ်ကူး တာပါးကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး လုပ်ငန်းလိုအပ်ချက်များ စီစဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

တာပါးတံတားသည် ကွတ်ခိုင်မြို့အတွက်ရော ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက်ပါ အရေးပါသော လမ်းမကြီးတစ်ခု ပေါ်ထွန်းလာရေးအတွက် သံလွင်မြစ်ကို ဖြတ်ကူးဆက်စပ်ပေးမည့် တံတားတစ်စင်းဖြစ်ကြောင်း။

ယခင်အခါက လားရှိုးမှ သိန်းနီ၊ ကွမ်းလုံတို့မှ တစ်ဆင့် ကိုးကန့်ဒေသသို့ သွားရောက်နိုင်သည့်လမ်းတစ်လမ်းသာ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ကွတ်ခိုင်မှ ကွမ်းလုံ၊လောက်ကိုင်၊ကုန်းကြမ်းတို့သို့ သွားရောက်လိုလျှင် သိန်းနီမြို့အထိ လာရောက်ပြီးမှ သွားနိုင်ခဲ့ကြောင်း။

ထို့ကြောင့် တာပါးတံတားပြီးသည်နှင့် တာပါးတံတားနှင့် ဆက်စပ်ထားသော ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး–လောက်ကိုင် ကုန်းကြမ်းလမ်းတစ်ခု တိုးပွားလာမှာဖြစ်တာကြောင့် ဒေသခံတိုင်းရင်းသားများအတွက် စီးပွားရေး၊ လူမှုရေးဘဝများတိုးတက်မြင့်မားရေးကို အထောက်အကူပြုလာမှာဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကပင်ဖြစ်ရာ ယခုတာပါးတံတားကို နိုင်ငံခြားငွေမြောက်မြားစွာ ကုန်ကျခံပြီး သံလွင်မြစ်ကိုဖြတ်ကာခဲရာခဲဆစ်တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သည် ယခင်ခေတ်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှု မရှိခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ချို့ယွင်းအားနည်းခဲ့ရပြီး စီးပွားကုန်သွယ်မှုအခြေခံကောင်းများလည်း မဖော်ထုတ်နိုင်ဖြစ်ခဲ့၍ ကုန်စည်စီးဆင်းမှုနှေးကွေးကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

### အခြေခံကောင်းများ

ယခုအချိန်အခါတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလာခဲ့သည်မှာ ၁၀နှစ်ကျော် ၁၅နှစ်အတွင်း ရှိခဲ့ပြီဖြစ်သဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုနှင့်အတူနယ်စပ်အစွန်အဖျားဒေသများတွင် လမ်းမကြီးများ၊ တံတားကြီးများပေါ်ထွန်းလာခဲ့ပြီး ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားကုန်သွယ်မှု၊ကုန်ထုတ်လုပ်မှုအခြေခံကောင်းများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် အနာဂတ်ကာလအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များပေါ်ထွန်းလာစေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းများလည်း နယ်စပ်ဒေသအနှံ့အပြားတွင် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ကွက်လပ်သဖွယ် အကြားအလပ်ဖြစ်ကျန်နေသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးနေကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

➪ စာမျက်နှာ ၁၂ မှ

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်စပ်ရာဒေသများသည် ဖွံ့ဖြိုးမှု ကြားလပ်ကျန်နေသည့်သဘောဖြစ်နေသဖြင့် နိုင်ငံတော်အစိုးရက ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်စပ်ပေးမည့်လမ်းမကြီးများကို အဆင့်မြင့်ပြုပြင်ပေးလျက်ရှိကြောင်း။

ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရော တောင်ပိုင်းမှာပါ အရှေ့နှင့် အနောက် တောင်နှင့်မြောက် ဆက်သွယ်သည့်လမ်းများကို လိုအပ်သည့်နေရာဒေသတိုင်းတွင် ဖောက်လုပ်ပေးလျက်ရှိရာ ယခုဆိုလျှင် ရှမ်းပြည်နယ်အတွင်း လမ်းများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဒေသအချင်းချင်း ဆက်သွယ်သည့်လမ်းများ တိုးပွားပေါ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသား ပြည်သူများအချင်းချင်း ဆက်သွယ်ဆက်ဆံမှု တိုးတက်ဖြစ်ထွန်းကာ တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးမှု သံယောဇဉ်နှောင်ကြိုးများလည်း ပိုမိုတိုးပွားခိုင်မြဲစွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

### ခိုင်မြဲသောပြည်ထောင်စုကြီး

သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ဖြင့် ချည်နှောင်ထားသည့် ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ဖြစ်တည်နေမှာဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ယိုင်နဲ့သည်နှင့်တစ်ပြိုင်နက် တိုင်းတစ်ပါး၏ သွေးခွဲသပ်လျှိုမှုများ ဝင်ရောက်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ထာဝရ ဖြစ်ထွန်းနေစေရေးတို့ကို အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

မကြာမီသောကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်၏ ပထမအဆင့်အဖြစ် ဆောင်ရွက်ရမည့် အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသော ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းမှသာလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မယ်ဆိုတာကို နားလည်ပြီး ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်ကြဖို့ လိုကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအားလုံးက မိမိတို့၏ ဆောင်ရွက်ဖွယ်တာဝန်များဖြစ်သော မိမိတို့၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး တိုင်းပြည်၏စီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရအောင် စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးစနစ်မှသည် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရအောင်၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရအောင် ဥမကွဲသိုက်မပျက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကွတ်ခိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေကန်တောင်သို့ ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လားရှိုးမြို့အတွင်းသို့ ရေကန် ၁၂ ကန်မှ ရေပေးဝေခြင်း၊ မြို့စမ်းရေထွက်မှ ရေပေးဝေခြင်းနှင့် ဟူးမွန်ဆည်မှ ရေပေးဝေခြင်း နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်နေမှု၊ မြို့လူထုသောက်သုံးရေဖူလုံစေရန် ကန်သစ်ခြောက်ကန် ထပ်မံတူးဖော်နေမှု၊ အဝီစိတွင်းများ တူးဖော်မှုအပါအဝင် မြို့လူထုရေပိုမို အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို လည်းကောင်း၊ ရေကန်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေကန်တောင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ၊ အလှပန်းပင်များ စိုက်ပျိုးကြသည်။

ထို့အတူ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများကလည်း အရိပ်ရပင်များနှင့် အလှပန်းပင်များကို စုပေါင်းပါဝင်စိုက်ပျိုးကြသည်။

### မဟာဝိဇယစေတီ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေကန်တောင်ပေါ်ရှိ တိလောကမဟာဝိဇယ ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အတွက် အလှူငွေပေးအပ် လှူဒါန်းပြီး ဂန္ဓကုဋိတိုက်အတွင်း ဗုဒ္ဓရုပ်ပွားတော်များကို လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရွှေလီရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ် ဦးစီးဌာနမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းအင်အား ၇၀ အား တွေ့ဆုံပြီး နိုင်ငံတော် ရည်မှန်းချက် တာဝန်(၁၂)ရပ်အား မိမိကျရာအခန်းကဏ္ဍမှ ကျေပွန်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများ၊ ရည်မှန်းချက်တာဝန်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများကို အသေးစိတ် ရှင်းလင်းဆွေးနွေး မှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ပြည်နယ် ဦးစီးဌာနမှူး ဦးထွန်းထွန်းစိုးက ဌာနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော် အခွန်ငွေရရှိမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်နယ်ရုံး၌ ကွန်ပျူတာများ တပ်ဆင်အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ရက်က ကွတ်ခိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့် အသင်းလိုက်အကျောမဲ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက ထပ်ဆင့်ဗိုလ်စွဲ

ရန်ကုန် မတ် ၂၀

**အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Isuzu Motors; Ltd.Japanက အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ည၇နာရီတွင် ကျင်းပရာ M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ M.G.F အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ M.P.G.A အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်နှင့်အမှုဆောင်များ၊ Isuzu Motors; Ltd. Japan မှ Mr. Iida နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

စတုတ္ထနေ့ ၁၈ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Isuzu Motors; Ltd. Japan မှဌာနေကိုယ်စားလှယ် ဦးအေးချို့က Team Captainအကျောပေးပြိုင်ပွဲတွင် Total Nett၆၉ချက်ဖြင့် ဒုတိယရရှိသော စစ်ကိုင်းတိုင်းမှ ဦးခင်မောင်ထွန်း၊ Total Nett ၆၅ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးထွန်းအေးတို့အားလည်းကောင်း၊ Mitsugi Coporation (Japan) မှ မန်နေဂျင်းဒါရိုက်တာ Mr. Yamaguchi က တစ်ဦးချင်း အကျောပေးပြိုင်ပွဲတွင် Total Nett ၂၇၅ချက်ဖြင့် တတိယရရှိသော ရန်ကုန်တိုင်းမှ လှမျိုး၊ Total Nett ၂၇၂ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ နိုင်နိုင်လင်း၊ Total Nett ၂၇၂ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကျော်သက်ဝေတို့အားလည်းကောင်း၊ Isuzu Motors; Ltd. ဂျပန်မှ General Manager Mr. Iidaက တစ်ဦးချင်း အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၃၀၂ချက်ဖြင့် တတိယရရှိသော ရန်ကုန်တိုင်းမှ လှမျိုး၊ Total Gross ၃၀၂ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ ဘိုဘိုလေး၊ Total Gross ၂၉၃ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းမှ နိုင်နိုင်လင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသင်းလိုက် အကျောပေး ပြိုင်ပွဲတွင် Total Nett ၈၃၈ ချက်ဖြင့် ဒုတိယရရှိသော ကယားပြည်နယ်အား လည်းကောင်း၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၉၁၇ချက်ဖြင့် ဒုတိယရရှိသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) အားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသင်းလိုက် အကျောပေး ပြိုင်ပွဲတွင် Total Nett ၈၂၅ ချက်ဖြင့် ပထမရရှိသော မွန်ပြည်နယ်နှင့် အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၈၉၇ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းတို့အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ M.P.G.Aနှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၈၉၇ချက်ဖြင့် ထပ်ဆင့်ဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းအသင်းအား အသင်းလိုက်တံခွန်စိုက် ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်လိုက်သည်။

ယင်းနောက် Isuzu Motors; Ltdမှ General Manager Mr. Iidaက မြန်မာနိုင်ငံအိုလံပစ် ကော်မတီသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က လက်ခံပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က လက်ခံကာ ရန်ကုန်ဂေါက်ကလပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀ကို ရန်ကုန်ဂေါက်ကလပ်မှ ဘဏ္ဍာရေးမှူး ဦးဦးမောင်က လက်ခံသည်။ (သတင်းစဉ်)




(၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား M.P.G.Aနှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က တံခွန်စိုက်ဆုကြီး ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)



မတ် ၈ရက်က ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (T.T.C)တွင် ၁၉၉၀-၁၉၉၄ ခုနှစ်ထိ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား လှူဒါန်းငွေနှင့် အမှတ်တရပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)



မတ် ၇ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၂၅)၏ ၂၀၀၂-၂၀၀၃ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ စတုတ္ထတန်း ပထမဆုရသူ မလှယမင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းက ဆုချီးမြှင့်စဉ်။ (က-ပ)



## (၅၉)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု သဲကုန်းမြို့နယ်၌ သစ်သားတံတားဖွင့်လှစ်

**သဲကုန်း မတ် ၁၀**

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဆရာအတတ်သင်ကွက်သစ်(၁)လမ်းရှိ သစ်သားတံတားအရှည် ၉ ပေ၊ အကျယ် ၁၅ ပေ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် နံနက်က ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီ မီးသတ်၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်**

အဆိုပါ တံတားအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အောက်ပုံ) (မြို့နယ်/စည်ပင်)**

## စုပေါင်းအလှူကျင်းပမည်

**ကျိုက်ထို မတ် ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းချောင်းကျေးရွာ စုပေါင်းအလှူမင်္ဂလာပွဲအဖြစ် (၁၁) ကြိမ်မြောက် မဟာဒုက်ဘုရားမဲဖွင့်ပွဲ၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲနှင့်ဒုလ္လဘ ရဟန်းခံရှင်ပြုပွဲများကို မတ် ၂၂ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်းကို မတ် ၂၃ ရက်မှ မတ် ၂၉ ရက်အထိ ခုနစ်ရက်ပူဇော်သွားမည်ဖြစ်သည်။ ယင်းစုပေါင်းအလှူမင်္ဂလာပွဲတွင် ဒုလ္လဘရဟန်းအပါး ၇၀ နှင့် ရှင်သာမဏေအပါး ၈၀ ပါဝင်ကြသည်။ **(၃၅၄)**



## ကျိုက်မော်ဝန်းရေလယ်စေတီ ဗုဒ္ဓပူဇနီယပူဇော်

**ကျောက်တန်း မတ် ၆**

ကျောက်တန်းမြို့ ကျိုက်မော်ဝန်းရေလယ်စေတီတော် (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲ အခမ်းအနားကို မတ် ၅ ရက်က ကျိုက်မော်ဝန်းရေလယ်စေတီတော်တွင် ကျင်းပသည်။

**လှူဒါန်း**

အခမ်းအနားတွင် သြဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်သော သံဃာတော် အရှင်သူမြတ်အပါး ၃၀ တို့က စေတီတော်နှင့် ရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဘုရားဒါယကာ ဦးဘထွန်း၊ ဒေါ်ဒေါ်သက်တို့၏မြေး အလှူရှင် ဒေါ်ရင်မြိုင် (ယမင်းရွှေစင်ထရေးဒင်း) မိသားစုတို့က မြတ်စွာဘုရားအား ရည်စူး၍ ဆွမ်းသပိတ် လှူဒါန်းသည်။

**စေတနာရှင်များလှူဒါန်း**

ထို့နောက် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၁ နာရီတွင် ဘုရားအမှူးပြုသည့် သံဃာတော်အရှင်သူမြတ် ၁၅၆ ပါးတို့ကို စေတနာရှင်များက လှူဒါန်းသည့် ကျပ်သိန်း ၃၀ တန် ငွေပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

**ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ၊ ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၆ ရက်က ကနစိုးကုန်းကျေးရွာနှင့် လမ်းသမိုင်ကျေးရွာ ဆက်သွယ်သော မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ်။** (၁၈၂)



## စုပေါင်းဒုလ္လဘ အလှူတော်မင်္ဂလာ

**မုဒုံ မတ် ၁၀**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ မဟာစည်သာသနာ့ရိပ်သာတွင် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက်မှ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ မတ် ၂၄ မှ ဧပြီ ၈ ရက်ထိ မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုများက ပဋ္ဌမအကြိမ်မြောက် ရှင်သာမဏေ(၃၅)ပါး၊ သီလရှင်အပါး ၁၇၀ တို့ကို သာသနာတော်တွင် သွတ်သွင်း၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် သတိပဋ္ဌာန်တရားပွားများ အားထုတ်ကုသိုလ် ပြုလုပ်ကြမည်ဖြစ်သည်။

ရှင်သာမဏေ၊ သီလရှင် ဝတ်လိုသော ရပ်ဝေးကျောင်းသား၊ ကျောင်းသူများသည် မတ် ၂၃ ရက် ထက် နောက်မကျဘဲ မြို့မ မဟာစည်သာသနာ့ရိပ်သာသို့ လာရောက်ရမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

**ကြေးမုံ**

# မြို့နယ်သတင်းများ

## မိုးကြိုဂုန်လျှော်/ ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအချိန်မီစိုက်ပျိုးပါ၊ မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်အတွင်းတွင်လည်းကောင်း၊ ပဲခူးတိုင်းတွင် မတ်လဆန်းမှ ဧပြီလကုန်အတွင်းတွင်လည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင်ချထားပါ။

၈။ နည်းပညာနှင့် အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။**

## ကဒုံကနီကျေးရွာ သောက်ရေကန်တူးဖော်

**ဘိုကလေး မတ် ၇**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်္ဂလာကန်တော်ကြီး သောက်ရေကန်တူးဖော်သည့် ကုသိုလ်ပြုပွဲကို ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာရှိ ရပ်ကွက်ကိုးရပ်ကွက် ပြည်သူများနှင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းတူးဖော်ခဲ့ ကြသည်။ **(၄၃)**



**နေပြည်တော်မြို့ တောင်ပိုင်းရပ် စံပြအမှတ် (၂) အခြေခံပညာ မူလတန်းကျောင်း၏ မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပေးအပ်ပွဲကို မတ် ၇ ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြင်ထွန်းက ကျောင်းသူတစ်ဦးအား မူလတန်းအဆင့်ပညာ သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပေးအပ်စဉ်။** (၁၆၄)



## ကတ္တရာလမ်းခင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်

**လှိုင်ကော် မတ် ၁၂**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော လှိုင်ကော်မြို့ ဟော်ကြီးတောင်ဘက်ရှိ ခွာဘိုကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို မတ် ၁၂ ရက်က လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဆွေနှင့် အငယ်တန်းအင်ဂျင်နီယာများက ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

# ခေတ်မီအားကစားကွင်းသစ်ကြီး ပေါ်ထွန်းလာ၍ မူဆယ်မြို့ကြီးအတွက် ဂုဏ်ယူဖွယ်ရာ တိုးပွားလာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဟု ယုံကြည်

✪ ရှေ့ဖုံးမှ

ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် မူဆယ်မြို့သို့ ရောက်ရှိကြရာ မူဆယ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီးဖွင့်ပွဲကို နံနက် ၁၁နာရီခွဲတွင် မူဆယ်မြို့ရှိ အဆိုပါ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီး၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

## အမှာစကားပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့်အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ထုတ်စောင်ရေ ၁၉၆၇၃၅**

# အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

## စစ်မှုထမ်းဟောင်းအဖွဲ့ စက်ရုံအလုပ်ရုံများ လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၂၀

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ရွှေပေါက်ကံမြို့သစ်နှင့် မြောက်ဥက္ကလာပမြို့နယ်များ၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်ရုံ အလုပ်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧



**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့က ဆောင်ရွက် လျက်ရှိသည့် ရွှေပေါက်ကံစက်မှုဇုန်ရှိ သံဆန်ခါ စက်ရုံကို လှည့်လည် ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)